# အမှားဟောင်းကို လူသစ်တွေက လုပ်ရုံနဲ့ အမှန် ဖြစ်မလာနိုင်တဲ့ ခေတ်

## ပြေလွင်မြင့်

# အမှာစာ

တရားစီရင်မှု၏ ပကတိသဘော၊ သဘာဝနှင့် အစဉ်အလာ၊ ထုံးတမ်းနည်းနာတို့ကို ကောင်းစွာ သိနားလည်ခြင်း မရှိဘဲ တရားစီရင်မှုအပေါ် ဆင်စမ်းပုဏ္ဏားသဖွယ် ထင်မိထင်ရာ၊ ပြောမိပြောရာ ပြောဆိုနေသူများရှိပါသည်။ တရားစီရင်ရေးရာ တာဝန်ထမ်းဆောင်နေသူများအပေါ် ပြစ်တင်မောင်းမဲလိုက်ခြင်းသည်ပင်လျှင် ဇရာမနိုင်ငံရေးရည်မှန်းချက်ကြီးကို ထိထိခိုက်ခိုက် ဆောင်ရွက်လိုက်နိုင်သည့်သူရဲကောင်းကြီးများသဖွယ် မိမိကိုယ် မိမိ အထင်ရောက်နေသူများ လည်း ရှိပါသည်။ နိုင်ငံရေးမီးရှူးမီးပန်းဖောက်ပြရုံသက်သက် မသိနားမလည်သော သူတို့၏အပေါစား လက်ခုပ်သံများကို မျှော်ငံ့ထစ်ကြွေးနေသူများလည်း ရှိပါသည်။

ဖြတ်သန်းခဲ့သော အတွေ့အကြုံများအရ ကိုယ်တိုင် ထိခိုက်နစ်နာခဲ့သောသူတို့၏ အသံ၌ စာနာမှုများ တွေ့ရသော်လည်း ကိုယ်တိုင်ပါဝင်ဖျက်ဆီးခဲ့သူတို့၏အသံ၌ သူတို့ မဟုတ်ခဲ့သယောင်၊ ဖျက်ဆီးရာတွင် သူတို့ မပါဝင်ခဲ့သယောင် ပြစ်တင်မောင်းမဲသံများက ပို၍ ကျယ်လောင်ပါသည်။

ထိုအချိန်တွင် တရားစီရင်မှု သဘာဝကို ကောင်းစွာ နားလည်သူတို့က နှုတ်ဆိတ် နေခဲ့ကြပါသည်။

*

ဤစာများသည် မလိုမှန်းထားခဲ့သည့် ဆင်စမ်းပုဏ္ဏားများသို့ ခုခံချက် ဖြစ်သည်ဟု ထင်မြင်ကောင်း ထင်မြင်နိုင်ပါသည်။ သူတော်ကောင်းယောင်ဆောင်၍ အာပေါင်အာရင်းသန်သန် ဖြင့် ချိုးဖဲ့နှိပ်ကွပ်နေသူများသို့ ချေပချက်ဖြစ်သည်ဟု ယူဆကောင်း ယူဆနိုင်ပါသည်။ မိမိ ကောင်းစွာ နားလည်သဘောပေါက်ခြင်း မရှိသည်ကို ကောင်းစွာ နားလည်သဘောပေါက်ခြင်း မရှိနိုင်သေးသည့် အတုအယောင် နိုင်ငံရေးသမားများသို့ တုံ့ပြန်ချက်ဖြစ်သည်ဟု မှန်ယူကောင်း မှတ်ယူနိုင်ပါသည်။

မဟုတ်ပါ။

ဤစာများ အပတ်တကုတ် ရေးခဲ့ခြင်း၏ ရည်ရွယ်ရင်းအချက်မှာ ထိုမျှ မကပါ။ ထိုမျှနှင့် ရပ်တန့်ရန် ရည်ရွယ်ခဲ့သည် မဟုတ်ပါ။ မလိုမုန်းတား၊ ပြောဆို ရေးသားမှုများကြောင့် တရားစီရင်မှု ပြုသူများအပေါ်အထင်လွဲမှားနေသည်များ ရှိပါက လျော့နည်းသွားစေရန် ရည်ရွယ်ရင်း ဖြစ်ပါသည်။ တရားစီရင်ရာတွင် မလွဲမသွေ ရင်ဆိုင်ရတတ်သည့် အခက်အခဲများကို ပို၍ သိမြင်ကြစေရန် ရည်ရွယ်ရင်း ဖြစ်ပါသည်။ မမြင်နိုင်သော ဆင်စမ်းပုဏ္ဏားနှင့် မလိုမုန်းထား၊ ပြောစကားများသည် ပိုမို ကောင်းမွန်သည့် တရားစီရင်မှု အနေအထားတစ်ရပ်သို့ ပို့ဆောင် တည်ဆောက်မ ပေးနိုင်သည်ကို သိမြင်နားလည်ကြစေလိုခြင်း ဖြစ်ပါသည်။

*

ပိုမိုကောင်းမွန်သော အနေအထားတစ်ရပ်သို့ မရောက်နိုင်သေးသည့် အချိန်တွင် ပြုပြင်စရာများ ရှိနေဦးမည်ကို ဝန်ခံကြရပါမည်။ ပြုပြင်ရန် ဖြည့်ဆည်းရန် ကြိုးပမ်းအားထုတ် ကြရပါမည်။

ကောင်းစွာ သိမြင်နားလည်သူတို့က နှုတ်ဆိတ်နေသည့်အချိန်တွင် နှုတ်ဆိတ်မနေနိုင်ခဲ့ သောသူတစ်ယောက်၏ စကာသံများ ဆူညံခဲ့သည်ဆိုပါက ခွင့်လွှတ်

နိုင်ကြမည် ထင်ပါသည်။

**လေးစားစွာဖြင့်**

**ပြေလွင်မြင့်**

**Pyaylwinmyint @ gmail. Com**

*

## ဗော်လ်တဲယားငှားပါ

‘ခင်ဗျားပြောတာကို ကျွန်တော် သဘောမတူဘူး။ ဒါပေမယ့် ခင်ဗျားရဲ့ ပြောရေးဆိုခွင့်ကို ကျွန်တော့်အသက်နဲ့လဲပြီး ကာကွယ်မယ်။’

ပြင်သစ်လူမျိုး သမိုင်းပညာရှင်နဲ့ စာရေးဆရာ ဗော်လ်တဲယား (၁၆၉၄-၁၇၇၈) ရဲ့ ကမ္ဘာကျော်အဆိုအမိန့်တို့ရဲ့ သည်းခြေကြိုက် အဆိုအမိန့်တစ်ခု လည်းဖြစ်ပြီး မကြာခဏလည်း ကိုးကားကြပါတယ်။

ဒါပေမယ့် ပြောရေးဆိုခွင့်ဆိုတာ ဘာလဲ။ လွတ်လပ်စွာ ပြောဆိုခွင့် ( freedom of speech) ဆိုတာ ဘာလဲ။ ဒီမိုကရေစီစနစ် လက်ခံကျင့်သုံးတဲ့ နိုင်ငံတိုင်းဟာ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ထင်မြင်ချက်ပေးခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်ဆိုတာ တွေကို တော်တော်အလေးထားကြတယ်။ ဒီမိုကရေစီဖွံ့ဖြိုးရင့်သန်မှုကို တိုင်းတာတဲ့ ပေတံ တစ်ချောင်းတောင် ဖြစ်နေပြီထင်ပါတယ်။

အမေရိကန်နိုင်ငံရဲ့ ပထမပြင်ဆင်ချက် ဥပဒေမူကြမ်းမှာ ‘လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားဖြန့်ချိခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို တားမြစ်ပိတ်ပင်သော ဥပဒေကို ကွန်ဂရက် လွှတ်တော်သည် မပြဋ္ဌာန်းရ’( Congress shall make no law ) ဆိုပြီး ခပ်တင်းတင်း ဖော်ပြချမှတ်ထားတာ တွေ့ရပါတယ်။

(Article -19 ) လို့ ကျော်ကြားတဲ့ နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်းမှာလည်း အလားတူ ဖော်ပြထားတာ တွေ့ရပါတယ်။

တကယ်လား။

အဲဒီ လို လိုလိုလားလား ချမှတ်ပြဋ္ဌာန်းထားတဲ့ နိုင်ငံတိုင်းမှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားထုတ်ဖော် ပြောဆိုခွင့်ဆိုတာတွေကို တကယ်ပဲ လိုလိုလားလား ကိုင်စွဲကျင့်သုံးခွင့် ရခဲ့ပြီလား။

စိတ်ဝင်စားစရာပဲ ဖြစ်ပါတယ်။

မိမိနည်းဟန်နဲ့ မိမိ ဒီမိုကရေစီ အသွင်ကူးပြောင်းနေတဲ့ ကျွန်တော်တို့ နိုင်ငံမှာတော့ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၅၄ မှာ ဒီလို ပြဋ္ဌာန်းပါတယ်။

နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာပြဋ္ဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ သုံးစွဲဆောင်ခွင့်ရှိသည်။

(ခ)လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်။

(ဂ) အသင်းအဖွဲ့၊ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

(ဃ) တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်း ချင်းကိုလည်းကောင်း၊ အခြားဘာသာ,သာသနာကို လည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိ ချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကိုလည်း လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

ပြောလိုတာက ဆိုဗီယက်ယူနီယံ ပြိုကွဲအပြီး ကွန်မြူနစ်ဝါဒကျဆုံးမှုနဲ့ အာဏာရှင် အဝန်းအဝိုင်းတို့ ကမ္ဘာပေါ်မှာ တဖိုင်းဖိုင်း ပြိုလဲအပြီး ကြိုက်သည်ဖြစ်

စေ၊ မကြိုက်သည်ဖြစ်စေ အဆုံးအစ မထင်တဲ့ ပင်လယ်သမုဒ္ဒရာထဲ ရေမျောကမ်းတင်ဖြစ်တော့မလို ကူကယ်ရာမဲ့နေတဲ့သူ တချို့ကပါ ဒီမိုကရေစီ ဘိုးအေကြီးတွေကတောင် အဘခေါ်ရတော့မလို ဒီမိုကရေစီ လှေဖောင်ကို အလုအယက် ဖက်တွယ်လာခဲ့ကပါတယ်။ သူတို့ ကိုယ်ခန္ဓာနဲ့ သွေးကြောအမြွှာမြွှာ တွေထဲ မွေးကတည်းက ဒီမိုကရေစီသွေးတွေပဲ လှည့်ပတ် စီးဆင်းနေသလိုမျိုး အထင်ရောက်စရာ ဒီမိုကရေစီ တရားနဲ့ ဒီမိုကရေစီ စကားကို ဟောလာခဲ့ကြပါ တယ်။ လွတ်လပ်စွာပြောဆိုခွင့် (Freedom of speech) ဆိုတဲ့ ပေတံလေးတွေ တ ကိုင်ကိုင်နဲ့ပေ့ါ။ ဒါပေမယ့် တကယ်လား။

လွတ်လပ်တဲ့ ပြောဆိုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်၊ ထင်မြင်ချက်ပေးခွင့်ကို တကယ်အပြည့်အဝ ရရှိခဲ့သလားဆိုတာ နိုင်ငံတိုင်းရဲ့ အမတ်သုခမိန်တို့ အစုအဝေး ဖြစ်တဲ့ ဂဏာသဘင်များကို ပေတံအတိုလေးတစ်ချောင်းနဲ့ တိုင်းတာကြည့်ရင်ပဲ စိတ်ဝင်စားဖွယ်ရာ ရလဒ်အဖြေတို့ ထွက်ပေါ်လာလိမ့်ဦးမယ် ထင်ပါတယ်။

သေချာတဲ့ နေရာဌာနတစ်ခုတော့ဖြင့် ရှိပါတယ်။ တရားရုံးတွေပါပဲ။

ဘယ်တိုင်းနိုင်ငံက ဘယ်တရားရုံးများမှာမဆို ဘယ်လိုစနစ်ကိုပဲ ကျင့်သုံး ကိုင်စွဲနေစေ ကာမူ ဥပဒေနဲ့အညီ လွတ်လပ်တဲ့ တရားစီရင်မှုကို အလေးထားကြရပါတယ်။ ဥပဒေနဲ့ ညီညွတ်တဲ့ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်ကို လေးလေးစားစား ဂုဏ်ယူပြဌာန်းကြရပါတယ်။

ခုခံခွင့်၊ ချေပခွင့်၊ အယူခံပိုင်ခွင့် အစရှိသည်တို့မှာ တစ်စုံတစ်ရာ ထိန်းချုပ်ထားမှုမရှိ ပြောရေးဆိုခွင့်တို့ ပါခဲ့ပြီး ဖြစ်ပါတယ်။

တော်တော် ရန့်ရင်းတဲ့အမှုကို ကျူးလွန်ခဲ့သူဖြစ်ပါတယ်ဆိုတဲ့ ဘယ် တရားခံ (စွပ်စွဲခံရသူ) ကိုပဲ ဖြစ်ဖြစ် ဘယ်တရားရုံးကမှ ရိုက်စစ်လို့ မရပါဘူး။ မုဒိမ်းမှုတွေပဲဖြစ်ဖြစ်၊ လူသတ်မှုပဲဖြစ်ဖြစ်၊ နိုင်ငံတော်ပုန်ကန်မှုပဲဖြစ်ဖြစ် ကျူးလွန်ခဲ့ ပါတယ်လို့ စွပ်စွဲ တင်ပို့တဲ့ တရားခံကို ဘယ်တရားရုံးကမှ အတင်းမဓမ္မ ဝန်ခံခိုင်းလို့

မရပါဘူး။ စွပ်စွဲတဲ့ပြစ်မှုကို မကျူးလွန်ခဲ့ရပါဘူးဆိုတဲ့ သူ့ရဲ့ ပြောဆိုရေးဆိုခွင့်နဲ့ ခုခံချေပခွင့်ကို ပိတ်ပင်ထားလို့မရပါဘူး။ သူ့ကို ပြောရေးဆိုခွင့်ပြုရပါတယ်။ ခုခံငြင်းဆန်ဖို့အခွင့်အရေးပေးရပါတယ်။ သူ မသိခဲ့သော်မှ သူ့မှာ လွတ်လွတ်လပ်လပ်ငြင်းဆန်ဖို့၊ ခုခံပြောဆိုဖို့၊ အပြစ်မရှိကြောင်း သက်သေထူဖို့ အခွင့်အရေးရှိတဲ့အကြောင်းအသိပေးရပါတယ်။

ရာဇဝတ်မှု ကျူးလွန်တဲ့ တရားခံကို စစ်ဆေးရန် ကျင့်ထုံးနည်းလမ်းဖြစ်တဲ့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ သက်သေခံ ဥပဒေတို့ တရားခံဘက်ကို အလေးပေးထားတဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်တယ်လို့ ဝေဖန် သုံးသပ်သူတို့ ရှိခဲ့ပါတယ်။

စွပ်စွဲခံရတဲ့ တရားခံဟာ အကျင့်စာရိတ္တမကောင်းသူ ဖြစ်ပါတယ် ဆိုတာကိုပဲ စွပ်စွဲသူတို့ဘက်က အလိုအလျောက် သက်သေထူခွင့်မရှိပါဘူး။ တရားခံက သူဟာ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ကြောင်း သက်သေထွက်ဆိုလာတဲ့အခါ ကျတော့မှ သူ့ကို အကျင့်စာရိတ္တ မကောင်း သူဖြစ်ကြောင်း (တစ်ဖက်က) သက်သေပြဖို့အခွင့်အရေးရှိလာမှာ ဖြစ်ပါတယ်။

နှစ်ဖက်သက်သေ တင်ပြချင်တွေအရ တရားခံ ပြစ်မှုကျူးလွန်ကြောင်း သုံးသပ်ပြီး ပြစ်မှုထင်ရှား စီရင်လိုက်ပြီ ဆိုပါစို့။ တရားခံရဲ့အယူခံပိုင်ခွင့်နဲ့ အယူခံမှုမှာ ရရှိမယ့် ပြေရေးဆိုခွင့်ဆိုတာ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ပြစ်မှုထင်ရှား စီရင်ခြင်းခံရတဲ့ တရားခံအနေနဲ့ မူလအမှုစစ်တရားရုံးက သူ့အပေါ် ပြစ်မှုထင်ရှား စီရင်ခြင်းပြုခဲ့တာဟာ မမှန်ကန်ပါဘူး၊ ဥပဒေနဲ့မညီညွတ်ပါဘူး၊ တရားမျှတမှု မရှိပါဘူး စသည်ဖြင့် ပြောဆိုခွင့် တင်ပြလျှောက်လဲခွင့် ရှိလာတယ်။ တူညီတဲ့ အခွင့်အရေးနဲ့ နှစ်ဖက်ဆိုင် ပြိုင်တဲ့အမှုမှာကိုပဲ မူလအမှုစစ်ဆေးစီရင်ခဲ့တဲ့ တရားရုံးက တရားမျှတတဲ့ စီရင်ဆုံးဖြတ်ချက်ကို မချမှတ်ခဲ့ပါဘူး၊ တရားမျှတမှုကို မရရှိခဲ့ပါဘူး၊ ဥပဒေနဲ့မညီညွတ်ပါဘူးလို့ 'ပြောခွင့်' ရှိလာတယ်။ ပြောလေ့လည်း ရှိပါတယ်။ အကျိုးသင့် အကြောင်းသင့် ဆီလျော် သင့်မြတ်အောင် ပြောဖို့ပဲ လိုတာပါ။

ကြည့်၊ နိုင်ငံတော်က ဥပဒေအရ ခွဲဝေအပ်နှင်းတဲ့ တရားစီရင်မှု အာဏာကို ကျင့်သုံးဆောင်ရွက်ခဲ့တဲ့ တရားရုံးတစ်ခုခုအပေါ် အဲဒီ တရားရုံးရဲ့ စီရင်ဆုံးဖြတ်မှုကြောင့် ရှုံးနိမ့်ခဲ့ရပါတယ်၊ ထိခိုက် နစ်နာခဲ့ပါတယ်၊ (ကုစားပေးပါ) ဆိုတဲ့ ပြောရေးဆိုခွင့် ဖြစ်ပါတယ်။ ဥပဒေက တရားဝင် ပေးအပ်ထားတဲ့ ပြောရေးဆိုခွင့် ဖြစ်ပါတယ်။

တစ်ခုတော့ရှိတယ်၊ မူလအမှုစစ်တရားရုံးရဲ့ စီရင်ဆုံးဖြတ်ချက်ဟာ မမှန်ကန်ပါဘူး၊ မမျှတပါဘူး စသည်ဖြင့် ပြောခွင့်၊ အရေးဆိုခွင့် ရှိပေမယ့်လည်း ပရမ်းပတာပေးထားတဲ့ အခွင့်အရေးတစ်ခုတော့ မဟုတ်ဘူး။ အရမ်းကာရော ပြောရေးဆိုခွင့်ပေးထားတာတော့ မဟုတ်ဘူး။

မကြာသေးခင်က တိုင်းဒေသကြီး တရားလွှတ်တော်က မိတ်ဆွေတစ်ယောက်နဲ့ ဖုန်းပြောဖြစ်တယ်။

အယူခံမှုတစ်မှုမှာတဲ့။ မူလအမှုစစ်တရားရုံးက မှားယွင်းစီရင်ဆုံးဖြတ်ခဲ့ကြောင်းနဲ့ သူ့အမှုသည် ထိခိုက်နစ်နာခဲ့ကြောင်း တရားခံဘက် အမှုလိုက်ပါဆောင်ရွက်တဲ့ ရှေ့နေက ပြောဆိုလျှောက်လဲနေသတဲ့။ တရားမကြောင်း စွဲဆိုရမယ့် အမှုကို ပြစ်မှုကြောင်းစွဲဆိုပြီး အပြစ်ပေးခံခဲ့ရလို့ တရားစီရင်ရေး ယန္တရားကို တလွဲအသုံးပြုရာရောက်တယ် တို့ဘာတို့ပါသတဲ့။ အဲဒီ အထိ အယူခံရုံးက ခွင့်ပြုသေးသတဲ့။ ဒါပေမယ့် အမှုသည် ကိုယ်စား လိုက်ပါလျှောက် လဲတဲ့ရှေ့နေက ပြောကောင်းကောင်းနဲ့ အရှိန်လွန်ပြီး တရားရေး မဏ္ဍိုင်ဟာ ယိမ်းယိုင်နေပါပြီတို့ ဘာတို့ပါလာတဲ့အခါကျတော့ တရားသူကြီးက တားသတဲ့။ ရှေ့နေကြီး ဒီအမှုနဲ့ စပ်ဆိုင်တာကိုပဲပြောပါလို့ ဟန့် လိုက်သတဲ့။

ခင်ဗျားတို့ တရားသူကြီးက ဘာကြောင့် ဟန့်လိုက်တာလဲဆိုတော့ သူက ပြောပါတယ်။

"ပြဇာတ်ကနေတာ မဟုတ်ဘူးလေ" တဲ့။

*

တရားရုံးတစ်ရုံးက နှစ်ဖက်သက်သေတွေ စစ်ဆေးပြီး ချမှတ်ခဲ့တဲ့ စီရင်ဆုံးဖြတ်ချက် တစ်ခုအပေါ် မကျေနပ်တဲ့၊ ထိခိုက်နစ်နာတယ်လို့ ယူဆတဲ့၊ ရှုံးနိမ့်သွားတဲ့ အမှုသည်က ပြင်ဆင်တည့်မတ်ပေးပါဆိုပြီး အမြင့်ဆုံးတရားရုံးအထိ အယူခံမှု ပြင်ဆင်မှုတွေ တက်ရောက် အရေးဆိုနိုင်တဲ့ အခွင့်အရေး တရားဥပဒေက ပြည့်ပြည့်ဝဝပေးထားပြီး ဖြစ်ပါတယ်။

လွတ်လပ်စွာ ပြောဆိုခွင့်၊ ဥပဒေနဲ့အညီ ဝေဖန်သုံးသပ်ခွင့် ရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ လွတ်လပ်စွာ ပြောဆိုခွင့်၊ လျှောက်လဲခွင့် ရရှိခဲ့ပြီး ဖြစ်ပါတယ်။ သို့ပေမဲ့ တရားမဲ့ပေးထားတဲ့ အခွင့်အရေးတစ်ရပ်တော့ မဟုတ်ဘူး။ တရားသဖြင့်ပေးထားတဲ့အခွင့်အရေးပဲ ဖြစ်ပါတယ်။ ဥပဒေနဲ့အညီ ထောက်ပြခွင့်၊ ဝေဖန်ပြောဆို (လျှောက်လဲ) ခွင့်လည်း ရှိပါတယ်။ မှားယွင်း ချွတ်ချော်ကြောင်း တွေ့ခဲ့ရင်လည်း အထက်တရားရုံးတစ်ခုခုက ပြင်ဆင် တည့်မတ်ပေးရ ပါလိမ့်မယ်။

ပြင်ဆင် တည့်မတ်ပေးရတဲ့ သာဓကတွေလည်း ရှိပါတယ်။

ဒါပေမယ့် လွတ်လပ်စွာ ပြောဆိုခွင့်ဟာ လွတ်လပ်စွာ ထိပါးပုတ်ခတ်ခွင့်တော့ဖြင့် မဟုတ်ချေဘူး။

တစ်ခုပါပဲ။ နှစ်ဖက်ပြောဆိုခွင့်၊ သက်သေထူခွင့်၊ လျှောက်လဲကြားနာခွင့်တွေပေးပြီးမှ စီရင်ဆုံးဖြတ်ခဲ့တဲ့ တရားသူကြီးအပေး (ရှုံးနိမ့်သွားတဲ့ အမှုသည်ဘက်က) မကျေနပ်လို့ တိုင်ကြားတဲ့ တိုင်ကြားစာကို ဖတ်မိတာနဲ့ တစ်ပြိုင်နက် မတော်မတရား စီရင်ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်လို့ မှတ်ချက်ပြုခဲ့မယ်ဆိုရင် တရားမျှတမှုရှိတယ် ဆိုနိုင်မလား။ တစ်ဖက်သတ် တိုင်ကြားစာနဲ့ တစ်ဖက်သတ်ပြုတဲ့ မှတ်ချက်ဟာ သင့်မြတ်လျော်ကန်မလား။

တရားရုံးတွေမှာ တော်တော့်ကို ရှန့်ရင်းတဲ့ ပြစ်မှုမျိုး ကျူးလွန်ကြောင်း စွပ်စွဲခံရသူ တရားခံတစ်ယောက်ကိုတောင်မှ သူ့ရဲ့ အကျင့်စရိတ္တကို အကြောင်းမဲ့ ထိပါးတိုက်ခိုက်မှုမပြုဖို့ ဥပဒေက ခွင့်ပြုထားတဲ့ သူ့ရဲ့ ပြောခွင့်၊ ဆိုခွင့်၊ ချေဆိုခွင့်၊ ခုခံခွင့်၊ ငြင်းဆန်းခွင့်ဆိုတာတွေကို အဓိက အားဖြင့် အသိအမှတ်ပြုပေးရတာ ၊ အကာအကွယ်ပေးရတာ က သူ့အမှုကို စစ်ဆေးကြားနားတဲ့ တရားသူကြီးတွေပဲ ဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာတော့ဖြင့် တရားသူကြီးဟာ သူ့အပေါ် တစ်ဖက်သတ် မလိုတမာမှုနဲ့ စွပ်စွဲ ပုတ်ခတ်လာတာတွေကို ပြန်ပြီး ခုခံဖို့၊ ချေဆိုငြင်းဆန်ဖို့ အခွင့်အရေးသော်မှ မရချင်တတ်ဘူး။ အဲဒီ အခွင့်အရေးရနိုင်အောင် ဖော်လ်တဲယား ကိုပဲ ငှားပြီး ကာကွယ်ခိုင်းရမလို့ ဖြစ်နေပါပြီ။

**(The Ladies, November 24-30,2012)**

*

## Open Court ဆိုတာ

နှစ်ကာလများစွာ အိပ်မောကျနေခဲ့ရာက ခုအခါကျတော့မှ လန့်ဖျပ် နိုးလာသလိုမျိုး Media ကို အရေးတယူပြောဆိုလာသူတို့ကို ဆုံရပေမယ့်လည်း နှစ်ပေါင်းများစွာ စာရေး၊ စာဖတ် လုပ်လာခဲ့သူ တစ်ဦးအနေနဲ့ မနှစ်လိုစရာ စိုးစဉ်မျှ မရှိပါဘူး။ မြို့ဝန်အလုပ် မြို့ဝန်လုပ်ပြီး၊ ရသေ့အလုပ် ရသေ့လုပ်ရပါတယ်။ အညစ်အကြေးဆိုတာ အညစ်အကြေး မဟုတ်ဘူး၊ နေရာလွဲမှားခြင်းသာ ဖြစ်တယ်တဲ့။

ပါးပြင်ပေါ်မှာမှ အသရေတင့်တဲ့ သနပ်ခါးဟာ ကြမ်းပြင်ပေါ်မှာ အညစ်အကြေးပါပဲ။

*

လွန်ခဲ့တဲ့ လအနည်းငယ်အတွင်းက Online မှာ ဖတ်လိုက်ရတယ်။ တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးရဲ့ ကိုယ်ရေးအရာရှိကို ဂျာနယ်သတင်းထောက်က သွားတွေ့သတဲ့။လူကြီးနဲ့ တွေ့ခွင့်တောင်းတော့ ကိုယ်ရေးအရာရှိက ပေးမတွေ့ဘဲ ခါးခါးသီးသီး ငြင်းလိုက်သတဲ့။ နောင် အဲဒီ ကိုယ်ရေးအရာရှိဆိုသူနဲ့ တွေ့တော့ မေးကြည့်ဖြစ်တယ်။

‘ခါးခါးသီးသီး ငြင်းလိုက်တယ်ဆိုပြီး အမှန်အတိုင်း ရေးဖော်ရတာ ကိုပဲ ကျေးဇူးတင်ရသေး တယ်ဗျာ။ အဲဒီ ဂျာနယ်သတင်းထောက်က သူ့ဂျာနယ်တိုက်ရဲ့ ရင်ထိုးတံဆိပ် တပ်ပြီး လာတာဗျ။ ပြီးတော့ အမှုသည်လည်းခေါ်လာသေးတယ်။ အမှုပွဲစားလား၊ သတင်းထောက်လား၊ နှစ်ခုစလုံး ပဲလား၊ ဘယ်လိုသိနိုင်ပါ့မလဲဗျာ’

ကျွန်တော်တို့ပြောနေတာတွေကို နားထောင်နေတဲ့ မိတ်ဆွေ တရားသူကြီးက မြို့တစ်မြို့က သူ့ရဲ့အတွေ့အကြုံတွေကို ပြောပြပါတယ်။

တရားစီရင်နေတဲ့ ဝန်ထမ်းတစ်ဦးအဖို့ အခြားသူတွေထက် ပိုပြီး သတိကြီးစွာ ထားသင့်တာက အမှုပွဲစားပဲတဲ့။ တရားရုံးက လူတွေနဲ့ ရင်းနှီးအောင်ပေါင်းထားမယ်။ ဝင်ထွက်သွားလာမယ်။ တစ်ခါတစ်ရံအမှုသည်ရှေ့မှာ တရားသူကြီးတို့၊ ဥပဒေအရာရှိတို့ကို ဟန်ရေးပြ နှုတ်ဆက်မယ်၊ တရင်းတနှီးပြောမယ်၊ ဆိုမယ်၊ အခန်းထဲဝင်လာမယ်။ ပြန်ထွက်သွားမယ်။ အမှုသည်ကို ခင်ဗျားတို့ကိစ္စပြောခဲ့ပြီ၊ ပေးစရာရှိတာ ပေးခဲ့ပြီလို့ ပြောမယ်။ အမှုက နိုင်ထိုက်လို့ နိုင်သွားလည်း သူ့အမြတ်ပဲလေ။ အမှုသည်က သူပေးလို့ (လာဘ်ပေးထားလို့) အမှုနိုင်သွားတယ်လို့ ထင်မယ်တဲ့၊ အမှုရှုံးသွားရင်လည်း အလါယ်ကလေးတဲ့။ ငွေပြန်ပေးချင်တယ် ဆိုရင်လည်း တရားသူကြီးက ပြန်ပေးတယ်ဆိုပြီး ပေးရုံပဲတဲ့။ ပြန်မပေးချင်ဘူး၊ ဒါမှမဟုတ် ပြန်မပေးနိုင်တော့ဘူးဆိုရင်လည်း တရားသူကြီးက လာဘ်ငွေပိုပေးတဲ့ဘက်ကို အမှုအနိုင်ပေးလိုက်တာပါဆိုပြီး လက်ရေးလှလှ (ခုခေတ်မတော့ ကွန်ပျူတာ Font လှလှ ) ကလေးနဲ့ပေ့ါလေ။ အကောင်းဆုံး တိုင်စာတစ်စောင်ကို ရေးပေးလိုက်ရုံပဲတဲ့။ တိုင်ပေးတဲ့ အခတောင် ရနိုင်ဦးမတဲ့။ မမှန်မကန် တိုင်ကြားတယ်ဆိုပြီး အရေးယူတယ်ဆိုတာ ကြားမိလို့ လားတဲ့။ တိုင်စာဖတ်နေရတာ ကိုပဲ ကြည်သာဝမ်းမြောက်နေတဲ့ လူတန်းစားသစ်တစ်ရပ် ပေါ်ပေါက်နေပြီလား မသိဘူးတဲ့။

*

တရားစီရင်ရေး ဥပဒေတွေမှာ ဥပဒေအရ ကန့်သတ်ချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်းဆိုတဲ့ အချက်တစ်ချက်ကို သတိပြုမိပါလိမ့်မယ်။ မြန်မာနိုင်ငံတရားရုံး စီရင်ထုံးတွေမှာလည်း 'တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာ မကဘဲ ထိုသို့ အမှန်ကို စီရင်ကြောင်း အများမြင်စေရာသည်' ဆိုတဲ့ စာတစ်ပိုဒ်ကို အဖွင့်စာမျက်နှာတွေမှာ တွေ့ရတတ်ပါတယ်။ ဆိုချင်တာက တရားရုံးဆိုတာ Open Court ပါ။ ဘယ်နိုင်ငံက ဘယ်တရားရုံးမှ စီရင်ချက်ကို တိုးတိုးတိတ်တိတ် ချမှတ်လို့မရပါဘူး။ စီရင်ချက်ဆိုတာ အော်ဖတ်ရတဲ့အမျိုးပါ။ နှစ်ဖက်ဆိုင်ပြိုင်ခဲ့ကြသူတို့အနက် တစ်ဖက်ဖက်ကို အနိုင်ပေးရတဲ့ စီရင်ချက်ကို မြေကွက်ပါမစ်ပေးသလို တိုးတိုးတိတ်တိတ် လက်မှတ်ထိုးပေးလိုက်လို့ ဘယ်ဖြစ်မှာ တုန်း။ ဘယ်သူကကော ကျေနပ်မှာတဲ့တုန်း။

ဆရာတစ်ယောက်ကတော့ ပြောပါတယ်။ ဟကောင်ရ၊စီရင်ချက်ဆိုတာ ရှုံးသွားတဲ့သူ ကျေနပ်အောင်လို့ တရားသူကြီးက ရှင်းပြရတဲ့သဘောတဲ့။ အကျိုးအကြောင်းကို ပြည့်စုံအောင် အစီရင်ခံရတာ တဲ့။ နိုင်တဲ့သူက ဘယ်လို ရေးရေး ကျေနပ်သတဲ့။ခင်ဗျား နိုင်ပြီပြောလည်း ရတယ်တဲ့။

ကျွန်တော်တို့ ငယ်ငယ်တုန်းက တစ်မြို့လုံး တစ်နယ်လုံး အုတ်အော်သောင်းတင်း စိတ်ဝင်စားတဲ့ ဓားပြမှု၊ လူသတ်မှုလို အမှုမျိုးကို အမှုစစ်မယ့် နေ့ကို စုံစမ်းပြီး တရားရုံးကို ပြေးရတာ ။ ဟိုရောက်ရင် စိတ်ကို ပျက်ပါလေရော။ သက်သေတစ်ယောက်ကို ရှေ့နေက ဟန်ရေးပြပြီး စစ်နေတာ မပြီးတော့ဘူး။ ကိုယ်နားထောင်ချင်တဲ့ဆီကို တော်တော်နဲ့ မရောက်တော့ဘူး။ မုဒိမ်းမှုတို့ ဘာတို့ဆိုရင် ဘာမှကို မကြားလိုက်ရဘူး။သူတို့က in camera တံခါးပိတ်စစ်ကြတယ်လေ။ ဒီဘက်ခေတ် Juvenile Court ခေါ်တဲ့ ကလေးသူငယ် တရားရုံးတွေမှာတော့ အပြင်က ပရိသတ်နားထောင်ဖို့မပြောနဲ့ ကလေးသူငယ် သက်သေစစ်နေရင် တရားခံကိုယ်တိုင်တောင်မှပဲ သူ ထုချေရမယ့် သက်သေခံချက်ကို CCTV နဲ့ကြည့်၊ နားထောင်

ပြီး ခုခံချေပရတာ ။ ဥပဒေအရ ကန့်သတ်ချက်မှအပဆိုတာ သာမန်အားဖြင့် အဲဒါမျိုး ကို ဆိုလိုတာ ဖြစ်ပုံရပါတယ်။

အဲဒီ လို ကလေးသူငယ်မှုခင်းမျိုး in camera နဲ့ စစ်တဲ့ မုဒိမ်းမှုမျိုး၊ နိုင်ငံတော်လုံခြုံရေးနဲ့ ပတ်သက်တဲ့ အမှုအခင်းမျိုးကလွဲရင် တရားရုံးဆိုတာ မည်သူမဆို ဝင်ရောက်နားထောင်နိုင်၊ လေ့လာကြည့်ရှုနိုင်တဲ့နေရာတစ်ခုပဲ ဖြစ်ပါ တယ်။ တကယ့်အနှစ်သာရကို ပြောမယ်ဆိုရင် တရားရုံးဆိုတာ တရားဥပဒေရဲ့ ရှေ့မှောက်မှာ မည်သူမဆို တန်းတူညီမျှ ရှိကြဖို့ရာ အနက်အဓိပ္ပာယ်ဖွင့်ရမယ့် တစ်ခု တည်းသော နေရာဌာနတစ်ခုပဲဖြစ်ပါတယ်။ all men are equal under the law.

ဆွံ့အ နားမကြားသူတွေ မလာရဘူး၊ အသိဉာဏ်ပညာနုံနဲ့သူတွေ မလာ ရဘူး၊ ကားမစီးနိုင်သူ တိုက်မဆောက်နိုင်သူ မလာရဘူး၊ အရှုးအနှမ်းတွေမလာရ ဘူး၊ ချိုးပြောမိုးပြောနဲ့ စကားလုံး မီးရှူးမီးပန်းဖောက်သူတွေ မလာရဘူးစသည်ဖြင့် ဘယ်တရားရုံးကမှ ကန့်သတ်ထား တာ မရှိပါဘူး၊ တားမြစ်ထားတာ မရှိပါဘူး။ တ ကယ့်ကို မည်သူမဆိုပဲ ဖြစ်ပါတယ်။ ဘယ်သူကမှ ဘယ်တုန်းကမှ အော်ကြီးဟစ်ကျယ် အရေးဆိုစရာမလိုဘဲ ရရှိနေခဲ့တဲ့ အခွင့်အရေးတစ်ခုပဲ ဖြစ်ပါ တယ်။ open court ပဲဖြစ်ပါတယ်။

သတင်းထောက်ပဲဖြစ်ဖြစ်၊ တခြားဘယ်သူပဲဖြစ်ဖြစ် တရားစီရင်မှု တာဝန်ဆောင်ရွက်နေတဲ့ ပြည်သူ့ဝန်ထမ်းတွေကို အနှောင့်အယှက်မဖြစ်စေဖို့ဘဲ လို တာပါ။ ကင်မရာကြီး တကိုင်ကိုင်နဲ့ တရားခွင်ထဲ ယောက်ယက်ခတ်နေလို့ ဘယ်ဖြစ် ပါ့မလဲ။မီးရောင်တွေ တဖျပ်ဖျပ် လင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။

ပြည်ပ တရားရုံးတွေမှာ အမှုစစ်ဆေးနေတဲ့ တရားရုံးထဲကို ဝင်မယ်ဆို တာနဲ့ တစ်ပြိုင်နက် ကင်မရာတွေကို အပ်ထားဖို့၊ အသံဖမ်းစက်တွေ ပိတ်ထားဖို့ သတိပေးတော့တာဆိုပဲ။

ဒါကြောင့် နိုင်ငံတကာ စာနယ်ဇင်းတွေမှာ တရားခွင်ထဲ အမှုစစ်နေတဲ့

ဓာတ်ပုံနဲ့ စွပ်စွဲခံရသူ (တရားခံ) ရဲ့ ဓာတ်ပုံတို့ကို အင်မတန် မြင်ရခဲပါတယ်။ မှတ်မိသလောက်ဆိုရင်တော့ဖြင့် ပန်းချီ၊ ခဲခြစ်ပုံကြမ်းကိုသာ မလွှဲသာတဲ့အခါမှာ ဖော်ပြလေ့ရှိတယ်ထင်ပါတယ်။ မြန်မာနိုင်ငံ စာနယ်ဇင်းကျင့်ဝတ်အပောင်း၊ အသစ် နှစ်ခုစလုံးမှာ စွပ်စွဲခံရသူတစ်ယောက်ကို စီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း မပြုသေးသမျှ အပြစ်ကင်းစင်သူတစ်ဦးအဖြစ် မှတ်ယူရမယ် ဆိုတာ ပါပါတယ်။

Open Court ပါ။ သို့ပေမယ့် လူတချို့ဟာ သူတို့ရဲ့ လွတ်မြောက်မှုအတွက်၊ သူတို့ရဲ့ဂုဏ်သိက္ခာအတွက်၊ ဒါမှမဟုတ် သူတို့ရဲ့ ယုံကြည်မှုတစ်စုံတစ်ရာအတွက် အကြိတ်အနယ် တိုက်ပွဲဝင်နေကြပါတယ်။ သူတို့ရဲ့ ယုံကြည်မှု၊ တရားမျှတမှုအလို့ငှာ တရားမျှတဲ့ ဆိုင်ပြိုင်မှုကို အလေးအနက် အသိအမှတ်ပြုကြရပါတယ်။ဒါကြောင့် တရားခွင် စည်းကမ်းသေဝပ်ရေးနဲ့ ငြိမ်ဝပ်ပိပြားရေးဆိုတာ အရေးပါတာပါ။

မည်သူမဆို တရားခွင် စည်းကမ်းနဲ့အညီ ဝင်ရောက်လေ့လာနိုင်ပါတယ်။ ဒါပေသိ သာလာယံဇရပ်လိုတော့ဖြင့် ဘယ်ဟုတ်ပ့ါမလဲ။ ပွင့်လင်း မြင်သာမှုရှိရမှာပါ။ ဒါပေသိ ဝတ်လစ်စလစ်လိုတော့ဖြင့် ဘယ်ဟုတ်ပ့ါမလဲ။

**[ The Ladies, December 2-8,2012]**

*

## အိုဘားမား သန်းခြောက်ဆယ်

'သမ္မတ တစ်ဦး၊ ဒါမှမဟုတ် ကာကွယ်ရေး စစ်ဦးစီးချုပ်တစ်ဦး အနေနဲ့ ကျွန်တော်က ကျွန်တော်ဖြစ်ချင်တာ၊ ဇွတ်လုပ်ချင်တာကို အတင်းလုပ်လို့ မရပါဘူး။ တရားသူကြီးတချို့ကိုလည်း ကျွန်တော် ခန့်ထားပါတယ်။ ဒါပေမယ့် ဘယ်လို တရားစီရင်ရမလဲဆိုတာ သူတို့ကို ကျွန်တော် ပြောလို့ မရပါဘူး။ ဘာကြောင့်လဲဆို တော့ ဆင်းရဲတဲ့ ကလေးတစ်ဦးကနေ သမ္မတအထိ အမေရိကန်မှာ လူတိုင်း လူတိုင်း အတွက် သူ့ဘာသာသူ ကျွန်တော် ဥပဒေလိုက်နာသလား၊ မလိုက်နာဘူးလားဆိုတာ စစ်ဆေးနိုင်ပါတယ်။ ကျွန်တော်ပြောခဲ့ပါတယ်။ ဒါဟာ လူကြီးမင်းတို့ မလွဲမသွေ လှမ်းကိုင်ရမယ့် အနာဂတ်ပါပဲ။'

### ဘားရက်အိုဘားမား

ဟုတ်ပါတယ်။ ဘားရက်အိုဘားမား ပြောခဲ့တာပါ။ ပြောတဲ့နေ့ရက်က နိုဝင်ဘာလ ၁၉ ရက် ဖြစ်ပြီး ပြောတဲ့နေရာက ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ ဖြစ်ပါတယ်။

ဆွေးသွားတယ်၊ မိတ်ဆွေကြီး၊ တရားသူကြီးတစ်ယောက်ပြောတဲ့ အတွေ့အကြုံတစ်ခုကို သတိရလိုက်မိတာကြောင့်ပါ။ ကြာပါပြီ၊ လွန်ခဲ့တဲ့ဆယ်စုနှစ် တစ်ခုကျော်လောက်ကတဲ့။ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ နယ်စပ်မြို့တစ်မြို့မှာ တရားသူကြီးအဖြစ် သူ တာဝန်ထမ်းခဲ့တုန်းကပါတဲ့။

အေဘီအက်စ်ဒီအက်ဖ်လို အဖွဲ့တစ်ဖွဲ့က မောင်မယ်တစ်စုံတွဲဟာ

နိုင်ငံရေးကို ဆက်မလုပ် လိုတော့တဲ့အတွက် နယ်စပ်ဘယ်မှာ အတူနေထိုင်ရင်း မီးသွေးဖုတ်နေခဲ့ပါသတဲ့။ တစ်နေ့မှာ ထိုင်းဘက်က သကောင့်သား ရှစ်ယောက်က မိန်းကလေးကို အဓမ္မပြုကျင့်သွားတဲ့အတွက် ပြဿနာပေါ်တော့ ထိုင်းဘက်က (ကချနာပူရီလို့ ထင်ပါတယ်) နယ်မြေအာဏာပိုင်နဲ့ မြန်မာနိုင်ငံဘက်က နယ်မြေ အာဏာပိုင်တို့ ညှိနှိုင်းခဲ့ကြပါသတဲ့။

အဲဒီ တုန်းက မြန်မာဘက်က မြို့စောင့်ရှောက်ရေးအဖွဲ့ဆိုတာ ရှိသတဲ့။ ဥက္ကဋ္ဌဖြစ်တဲ့ တပ်ရင်းမှူးက ဦးဆောင်ပြီး ထွေ/အုပ်တို့၊ ရဲတို့၊ တရားသူကြီးတို့ ပါတဲ့ အဖွဲ့က တောင်းဆို (အရေးဆို) တာပေ့ါလေ။ ဟိုဘက်ကတော့ တရားသူကြီးမပါဘူး တဲ့။ ခရိုင်အုပ်ချုပ်ရေးမှူးလို ပုဂ္ဂိုလ်က ဦးဆောင်ပြီး ရဲတို့၊ လ-ဝ-က တို့ ဘာတို့ပါ သတဲ့။ ကျူးလွန်သူက သူတို့ဘက်ကဖြစ်ပြီး ကျူးလွန်ခံရတဲ့သူက ဒီဘက်က ဖြစ်တာကြောင့် ဒီဘက်က အချက်သုံးချက်ကို အရေးဆိုသတဲ့။ ဟိုဘက်မှာ ဖြစ်ပွားတဲ့ မုဒိမ်းမှုကို ပထမအချက်အဖြစ် အမြန်ဆုံး စစ်ဆေးစီရင်ပေးရမယ်။ ဒုတိယအချက် အဖြစ် ကျူးလွန်တဲ့တရားခံတွေကို ထိထိရောက်ရောက် အပြစ်ဒဏ်ပေးရမယ်။ တတိယအချက်အဖြစ် ကျူးလွန်ခံရတဲ့ မြန်မာမိန်းကလေးအတွက် ထိုက်ထိုက်တန်တန် လျော်ကြေးပေးရမယ်။ မများပါဘူး။ သုံးချက်တည်းပါ။

ထိုင်းခရိုင်အုပ်ချုပ်ရေးမှူးက တောင်းတောင်းပန်ပန် ပြောပါတယ်။ ပြောလိုက်ပုံက စိတ်ဝင်စားဖို့ကောင်းတယ်။ ထိုက်တန်တဲ့ လျော်ကြေးပေးရမယ်ဆိုတဲ့အချက်ကို ကျွန်တော် တာဝန်ယူပါတယ်။ တရားရုံးက အမှုအမြန်ဆုံး စစ်ဆေးပေးဖို့နဲ့ ကျူးလွန်တဲ့တရားခံကို ထိထိရောက်ရောက် အပြစ်ပေးဖို့ဆိုတဲ့အချက်ကိုတော့ သည်းခံပါ၊ ကျွန်တော် တာဝန်ယူလို့ မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဗျာ…

တရားစီရင်မှုဖြစ်လို့ပါ။ တရားသူကြီးကို ကျွန်တော်တို့က ညွှန်ကြားပိုင်ခွင့် မရှိပါဘူး။ ဖိအားပေးလို့လည်း မရပါဘူးတဲ့လေ။

ကျွန်တော် ဆွေးသွားတယ်ဆိုတာ အဲဒီ အချက်ပါ။ လွတ်လပ်တဲ့ တရားစီရင်မှုဆိုတာကို လုစ်ခနဲ နားလည်လိုက်မိတာကြောင့်ပါ။ ကျွန်တော်တို့နဲ့

မပေးပါဘူး။ ချောင်းရိုးတစ်ခုလောက်ခြား ပြီး ခြံချင်းဝင်ချင်း ဒူးတင်ပေါင်တင်နေကြ တဲ့ နိုင်ငံတစ်ခုက လွတ်လပ်တဲ့ တရားစီရင်ရေးဆိုတာကို သတိပြုမိစေလိုတာ ဖြစ်ပါ တယ်။ တရားစီရင်မှုဆိုတာ စွတ်ဖက်လို့ မရပါဘူး၊ ဖိအားပေးလို့ မဖြစ်ပါဘူးလို့ သူ တို့က ဂုဏ်ယူပြောဆိုနေတာကို သတိပြုမိစေချင်တာ ဖြစ်ပါတယ်။

အဲဒီ အချိန် ကျွန်တော်တို့ရဲ့ အစည်းအဝေးတွေမှာ ဘယ်အမှုစစ်ဆေး တာ ဘယ်လို ပေါ်ပေါက်လို့ ဘယ်လိုအခြေအနေကို ရောက်ပါပြီ၊ ဘယ်တော့ ပြီးပြတ် ပွဲမယ်ဆိုတဲ့အကြောင်း ဖိုင်တွဲလေး တဖျပ်ဖျပ်လှန်လျှော့ပြီး တရားသူကြီးက ယို့ယို့ လေး ရှင်းပြနေတာကို တွေ့ဖူးကြပါလိမ့်မယ်။ ရာဇဝတ်ကြီးတောင်မှ ကောင်းကောင်း မမြင်ဖူးတဲ့သူက စတိုင်နဲ့ ထိုင်နားထောင်ပြီး မြန်မြန်စစ်လိုက်လေ ဗျာ၊ ထိရောက်တဲ့ ပြစ်ဒဏ်ပေးဗျာ၊ ပြီးရင် အစီရင်ခံစာ တင်ပါ၊ အမျိုးသမီးရေးရာကို လည်း မိတ္တူပေးလိုက်ဦး ဆိုတာလည်း ကြားခဲ့ဖူးပါလိမ့်မယ်။

တချို့သောသူတွေက လွတ်လပ်တဲ့ တရားစီရင်မှုဆိုတာကို ဂုဏ်တင် ပြောနေတဲ့အချိန်မှာ တချို့သောသူတွေက တရားသူကြီးကို ထိန်းချုပ်တာ၊ ဖိအားပေး တာ၊ စွက်ဖက်လွှမ်းမိုးနိုင်တာကို မသိမသာ အရသာခံပြီး အုံ့အားသင့်စရာကောင်း လောက်အောင် ဂုဏ်တုဂုဏ်ပြိုင် လုပ်နေကြ တယ်။ ဟဟမဟုတ် ဟဟလုပ်သည် ကျုပ်တို့ရွာက ဆယ်အိမ်ခေါင်း ဆိုသလိုပါပဲ။

ဖိအားပေးတယ်ဆိုတာ အခွင့်အာဏာရှိသူများထံကသာပဲ စီးဆင်းလာ တယ်လို့ ထင်ရပါ တယ်။ သဘာဝကျတယ်လို့လည်း ဆိုရမှာပါပဲ။ သို့ပေမဲ့ ကမ္ဘာ လောကက တစ်ခါတစ်ခါ သိပ်အံ့ဩဖို့ကောင်းတယ်။ မထင်တဲ့နေရာက စီးဆင်းလာ တဲ့ ရေနဲ့ မဆင်တဲ့တိမ်က ရွာသွန်းလာတဲ့ မိုးဆိုတာလည်း ရှိတတ်ပြန်ပါတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်က အသိမ်းခံရတဲ့မြေမှာ လုပ်ကိုင်ခွင့်တချို့က ပိုကောင်းမယ် ထင်လို့ လုပ်တာဖြစ်ပြီး တချို့က မသိနားမလည်လို့လုပ်တာ ဖြစ်ပါ တယ်။ ဘာပဲဖြစ်ဖြစ် စွက်ဖက်တာဟာ စွက်ဖက်တာပါပဲ။ လက်နှီးစုတ်လို ညစ်ပေ နေတဲ့စကားလုံးကို ငှားပြောရရင် တရားစီရင်မှု တိမ်းစောင်းစေတာပါပဲ။

**[ The Ladies, Decenber 30-January 5,2013]**

*